# ဓမ္မခန္ဓာ (၈၀) မျက်မှောင်ကုပ်နေသူ (အဘသ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၄)၊ သုတ်ဒေသနာ (၄၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁၁]

| | |
|---|---|
| ၁။ | **عَبَسَ وَتَوَلَّى۝**<br>သူသည် မျက်မှောင်ကုပ်လျှက် လှည့်သွားသည်မှာ– |
| ၂။ | **أَن جَاءَهُ الْأَعْمَى۝**<br>မျက်မမြင်သူ ရောက်လာသောကြောင့် ဖြစ်၏။ |
| ၃။ | **وَمَا يُدْرِيكَ لَعَلَّهُ يَزَّكَّى۝**<br>သူ့ကိုယ်သူ စင်ကြယ်စေလိုကောင်း၏၊ သင့်အား မည်သည်က တွေးသိစေမည်နည်း။ |
| ၄။ | **أَوْ يَذَّكَّرُ فَتَنفَعَهُ الذِّكْرَى۝**<br>သို့မဟုတ် သတိယူနိုင်ကောင်း၍၊ သတိပေးတရားတော်သည် သူ့အား အကျိုးဖြစ်နိုင်ကောင်း၏။ |
| ၅။ | **أَمَّا مَنِ اسْتَغْنَى۝**<br>သူ့ကိုယ်သူ ကုံလုံပြည့်စုံသူဟု ထင်သူအတွက်– |
| ၆။ | **فَأَنتَ لَهُ تَصَدَّى۝**<br>သင်သည် အရေးစိုက်နေ၏။ |
| ၇။ | **وَمَا عَلَيْكَ أَلَّا يَزَّكَّى۝**<br>သူ့ကိုယ်သူ မစင်ကြယ်သော်လည်း သင့် အကြောင်းမဟုတ်ချေ။ |
| ၈။ | **وَأَمَّا مَن جَاءَكَ يَسْعَى۝**<br>စိတ်ထက်သန်စွာ ရောက်လာသူ– |
| ၉။ | **وَهُوَ يَخْشَى۝**<br>သူသည် ကြောက်ရွံ့ရိုကျိုးတတ်မှု ရှိ၏၊ |
| ၁၀။ | **فَأَنتَ عَنْهُ تَلَهَّى۝**<br>သင်သည် သူ့အား အရေးတယူမရှိချေ။[၁၂၆] |

---

(၁၂၆) ဤသုတ်တော်များမှ မျက်မမြင်ဆိုသူမှာ အိဗနိ အွမ္မာ မာ့ခ်တွမ် ဖြစ်၍၊ ကိုယ်တော်မုဟမ္မဒ်သည် ကုရိုက်ရှ် လူမျိုးကြီး ခေါင်းဆောင်များအား အစ္စလာမ်သာသနာ အကြောင်း အရေးကြီးသော ကိစ္စများကို ပြောဆို ဆွေးနွေးနေစဉ်– ထိုမျက်မမြင် ဖြစ်သူမှာ ရောက်ရှိလာကြောင်း၊ ကိုယ်တော်သည် အရေးကြီးသည်ဟု ယူဆသော ခေါင်းဆောင်များကို အလေးထားနေရသောကြောင့် ထိုမျက်မမြင်အား မျက်မှောင်ကုပ်ကြည့်လျှက်

| | | |
|---|---|---|
| ၁၁။ | كَلَّا إِنَّهَا تَذْكِرَةٌ ۞<br>အမှန်မှာ ဤသည် သတိပေးတရားတော် ဖြစ်၏။ |
| ၁၂။ | فَمَن شَاءَ ذَكَرَهُ ۞<br>စံချိန်ပြည့်မှီသူအား သတိတရားထားစေရမည်မှာ– |
| ၁၃။ | فِي صُحُفٍ مُّكَرَّمَةٍ ۞<br>ကျက်သရေရှိသော ကျမ်းကဏ္ဍမှ ဖြစ်၏။ |
| ၁၄။ | مَّرْفُوعَةٍ مُّطَهَّرَةٍ ۞<br>ယင်းသည် မြင့်မြတ်၍ သန့်ရှင်းစင်ကြယ်၏။ |
| ၁၅။ | بِأَيْدِي سَفَرَةٍ ۞<br>ရေးခြစ်သူ လက်သည်များမှာ– |
| ၁၆။ | كِرَامٍ بَرَرَةٍ ۞<br>ကျက်သရေရှိ ထည်ဝါခန့်ညားး၏။ |
| ၁၇။ | قُتِلَ الْإِنسَانُ مَا أَكْفَرَهُ ۞<br>လူသား၏ ဖုံးကွယ်မှုက သူ့ကိုယ်သူ သတ်နေ၏။ |
| ၁၈။ | مِنْ أَيِّ شَيْءٍ خَلَقَهُ ۞<br>အရှင်သည် သူ့အား မည်သည့်အရာမှ ဖြစ်တည်စေသနည်း။ |
| ၁၉။ | مِن نُّطْفَةٍ خَلَقَهُ فَقَدَّرَهُ ۞<br>သုတ်ပိုးရည်မှ၊ အရှင်သည် သူ့အား စည်းချိန်ချ ဖြစ်တည်စေတော်မူ၏။ |

---

အလေးမထား မျက်နှာလှည့်သွားကြောင်း– သို့ဖြစ်၍ အလ္လာဟ်အရှင်က ဤသုတ်ဒေသနာများကို ချမှတ်အသိပေး၍ ကိုယ်တော်အား သတိပေးကြောင်း သမိုင်းဆရာများ၏ ကောက်ကြောင်းကို လိုက်၍– အစ္စလာမ် မဟုတ်သော သာသနာပြု ဆရာတော် ရော့ဒ်ဝဲလ်က သူ၏ ကုရ်အာန်ဘာသာ ပြန်တွင် ကိုယ်တော်မုဟမ္မဒ်သည် စိတ်ဓါတ်မြင့်မြတ်မှု မရှိဟု စွပ်စွဲရေးသားထားပေသည်။ အမှန်မှာ ကျမ်းတော် တစ်အုပ်လုံးတွင် ကိုယ်တော်မုဟမ္မဒ်သည် မျက်မမြင်အား အရေး မစိုက်ခဲ့ဟူသော အချက်အား အထောက်အထား ပြုပေးနိုင်သည့် ကျမ်းချက်ဟူ၍ မရှိချေ။ ကိုယ်တော်သည် သူဆင်းရဲများ ဘဝနိမ့်ကျနေသူများကို အထူးအလေးပေးတတ်သော အလေ့အကျင့် ရှိကြောင်းကိုသာ ဖေါ်ပြထားပေသည်။ ထိုသို့ ကိုယ်တော်၏ အားနည်းသူအပေါ် ညှာတာတတ်မှု နှလုံးသားကိုလည်း အာရဗ်သမိုင်းတွင် စံတင်ထားရပေသည်။ သို့ဖြစ်၍ ကိုယ်တော်၏ ဘွဲ့မှာ မေတ္တာရှင်ဟူ၍ ဖြစ်ပေသည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ ထိုသမိုင်းဆရာများ ဆိုသကဲ့သို့ သော်လည်းကောင်း ဆရာတော် ရော့ဒ်ဝဲလ်၏ စွပ်စွဲချက်နှင့် သော်လည်းကောင်း လုံးဝ တိုက်ဆိုင်မှု မရှိချေ။ ဤသုတ်တော်၏ အမှန်တကယ် ရည်ရွယ်ချက်မှာ– လောက အမှောင်အောက်၌ ကျရောက်နေသော မျိုးဆက်အား တရားအလင်းရောင်ကို ပြသသွန်သင်ရန် စတင်စဉ်းစားသောအခါ– ကိုယ်တော် အနေဖြင့် မိရိုးဖလာ အမိုက်မှောင်တွင်းမှ ဘာသာရေး နိုင်ငံရေး ခေါင်းဆောင်များကို စတင်၍ သာသနာပြုရန် စဉ်းစားခြင်း ဖြစ်ကြောင်း "သူ့ကိုယ်သူ ကုံလုံပြည့်စုံသူဟု ထင်မှတ်နေသူအား သင်သည် အရေးစိုက်နေ၏" ဟူသော သုတ်တော်က ထောက်ပြထားပေသည်။ တနည်းအားဖြင့် လူသာမန်တို့စဉ်းစား သကဲ့သို့ ခေါင်းဆောင်များကို အလျှင် သာသနာပြုရန်– တရားပြရန် စဉ်းစားခြင်းမှာ မမှန်ကန်ကြောင်း၊ အမှောင်ထု၌ ကျရောက်နေသည့် လူသားထုကြီးကို တရားအလင်းပြရန် အလျှင် စတင်ရမည်ဖြစ်ကြောင်းကို ပရမတ်ဘုရားရှင်က ကိုယ်တော်မုဟမ္မဒ်အား နည်းဗျူဟာ သွန်သင်ပေးခြင်း ဖြစ်ပေသည်။ မိရိုးဖလာခေါင်းဆောင်များသည် သူတို့၏ စားပေါက် ပိတ်သွားမည် စိုးရိမ်မကင်းဖြစ်၍ တရားအလင်းရောင်ဆီသို့ ပြန်လာရန် ခက်ခဲသော ခေါင်းပုံဖြတ် လူတန်းစားသာ ဖြစ်ပေသည်။ သို့ဖြစ်၍ မျက်မမြင်ဘဝသို့ ရောက်နေသော လူထုအား ပညာသင်ခြင်း၊ လောက၏ ဗဟုသုတများကို သင်ပေးခြင်း၊ ယုတ္တိဗေဒများကို သင်ပေးခြင်း၊ အမှန်တရားအား လက်ခံနိုင်သော သတ္တိများကို သင်ပေးခြင်း စသည်ဖြင့် နောက်လိုက် လူတန်းစားအား အရင် မျက်လုံးဖွင့်ပေးရန်ဖြစ်၍၊ ထိုလူတန်းစားမှ မျက်လုံးပွင့်လာသောအခါ၊ သူတို့၏ ခေါင်းဆောင်များကို တရားလမ်းမှန်သို့ ရောက်ရန် တန်ပြန်တော်လှန်ခေတ်ပြောင်းရန်ပင် ဖြစ်ပေသည်။

| | |
|---|---|
| ၂၀။ | ثُمَّ السَّبِيلَ يَسَّرَهُ۞<br>ထို့နောက် သူ့အတွက် လမ်းစဉ်ကို လွယ်ကူစေ၏။ |
| ၂၁။ | ثُمَّ أَمَاتَهُ فَأَقْبَرَهُ۞<br>တဖန်သူ့အား အနိစ္စဖြစ်စေ၍၊ သူ့အား နားနေဂူတွင်းသို့ ရောက်စေ၏။[၁၂၇] |
| ၂၂။ | ثُمَّ إِذَا شَاء أَنشَرَهُ۞<br>တဖန် စံချိန်ပြည့်မှီသောအခါ၊ သူ့အား ရှင်ပြန်ပေါ်ထွန်းစေ၏။ |
| ၂၃။ | كَلَّا لَمَّا يَقْضِ مَا أَمَرَهُ۞<br>အမှန်မှာ– သူသည် သူ့အား စီမံပေးရာကို အဆုံးမသတ်ချေ။ |
| ၂၄။ | فَلْيَنظُرِ الْإِنسَانُ إِلَى طَعَامِهِ۞<br>လူသားအား သူ၏ အဟာရကို ရှုစားစေကုန်။ |
| ၂၅။ | أَنَّا صَبَبْنَا الْمَاء صَبًّا۞<br>ငါသည် မည်သို့ ပေါသီသော ရေကို သွန်းပေးလေသနည်း။ |
| ၂၆။ | ثُمَّ شَقَقْنَا الْأَرْضَ شَقًّا۞<br>တဖန် မြေအား အစိတ်စိတ် ခွဲစိတ်ပေးလျှက်– |
| ၂၇။ | فَأَنبَتْنَا فِيهَا حَبًّا۞<br>ထိုမှ သီးနှံများကို ပေါက်ရောက်စေသနည်း။ |
| ၂၈။ | وَعِنَبًا وَقَضْبًا۞<br>စပျစ်ပင်များ– စားကျက်ပင်များ– |
| ၂၉။ | وَزَيْتُونًا وَنَخْلًا۞<br>သံလွင်ပင်များ– စွံပလွန်ပင်များ– |
| ၃၀။ | وَحَدَائِقَ غُلْبًا۞<br>ထူထပ်သော ဥယျာဉ်ရှိုင်းများ– |
| ၃၁။ | وَفَاكِهَةً وَأَبًّا۞<br>သစ်သီးများ– ဘယပင်များကို– |
| ၃၂။ | مَّتَاعًا لَّكُمْ وَلِأَنْعَامِكُمْ۞<br>သင်တို့အတွက်၊ သင်တို့၏ တိရိစ္ဆာန်များအတွက် အကျိုးဖြစ်စေ၏။ |
| ၃၃။ | فَإِذَا جَاءتِ الصَّاخَّةُ۞ |

(၁၂၇) ဤသုတ်တော်မှ **ကဘာရ်ဟ်** ၏ အဓိပ္ပါယ်မှာ သင်္ချိုင်းဂူဟု ဖြစ်၍၊ ဆရာတော်ကြီး အများစုကလည်း သင်္ချိုင်းဂူဟုပင် တိုက်ရိုက် ပြန်ဆိုကြပေသည်။ အချို့သော ဆရာတော်များကမူ မိခင်၏ ဝမ်းကြာတိုက်တွင် သန္ဓေသားသည် သက်မဲ့ဘဝဖြင့် စတည်ခဲ့ရသည့် အတွက် ဤစကားလုံးအား ဝမ်းကြာတိုက်ဟု ဖွင့်ဆိုကြသည်လည်း ရှိပေသည်။ ဤဘာသာပြန်၌မူ "နားနေဂူ"ဟု ပြန်ဆိုထားပါသည်။

| | |
|---|---|
| | သို့ဖြင့် နားကွဲမတတ်အသံကြီး ဆိုက်ရောက်လာသော်– |
| ၃၄။ | يَوْمَ يَفِرُّ الْمَرْءُ مِنْ أَخِيهِ۞<br>ယင်းနေ့ကာလတွင် လူသား ထွက်ပြေးမည်မှာ သူ့ ညီနောင်များထံမှ– |
| ၃၅။ | وَأُمِّهِ وَأَبِيهِ۞<br>သူ့အမိ၊ သူ့အဘထံမှ– |
| ၃၆။ | وَصَاحِبَتِهِ وَبَنِيهِ۞<br>သူ့ကြင်ဘက်၊ သူ့သားသမီးထံမှ–ဖြစ်၏။ |
| ၃၇။ | لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَأْنٌ يُغْنِيهِ۞<br>ထိုနေ့ကာလတွင် သူတို့မှ လူသား ကိုယ်စီသည် သူ့ကိုယ်သူ ပြည့်စုံလုံလောက်စွာ ပင်ပန်းသောကဖြစ်နေရ၏။ |
| ၃၈။ | وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ۞<br>ထိုနေ့ကာလတွင် မျက်နှာတစ်ချို့သည် ရွှင်လန်းတောက်ပလျှက်– |
| ၃၉။ | ضَاحِكَةٌ مُّسْتَبْشِرَةٌ۞<br>ရယ်မော ပျော်ရွှင်ရလတ္တံ့။ |
| ၄၀။ | وَوُجُوهٌ يَوْمَئِذٍ عَلَيْهَا غَبَرَةٌ۞<br>ထိုနေ့ကာလ၌ မျက်နှာတစ်ချို့သည် ထိုအပေါ်၌ ဖုံမှုံတင်နေလျှက်– |
| ၄၁။ | تَرْهَقُهَا قَتَرَةٌ۞<br>သုန်မှုန် လွှမ်းခြုံလျှက် ရှိလတ္တံ့။ |
| ၄၂။ | أُوْلَئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ۞<br>သူတို့သည်ကား ဖုံးကွယ်သူ အယုတ်တမာများ ဖြစ်ကြ၏။ |